# ကော်ဖီသောက်တိုင်း

## ဒါးရှိုးရှူးတာသိ

မှူးသစ်

(ဝတ္ထု / ဆောင်းပါး)



ဘာရယ်မဟုတ်ပါဘူး

အလကားနေ အလကား

ဆုပ်လိုက်လိုက် လုပ်နေတဲ့

ဟင်းလင်းပြင်ကြီးရယ်ပါ ...

***

## မှန်ကြည့်ခြင်း

ကိုယ့်ကိုယ်ကို သတိထားကြည့်မိတော့

ခေါင်းပေါ်က ဆံပင်တွေဟာ

တော်တော်ဖြူနေပြီ

အသက်တွေရလာတာနဲ့ အမျှ

အလိုမကျမှုတွေများ လာ

ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေက

တစ်စတစ်စ နည်းလာတယ် ...

အဆိုးမြင်ဝါဒီသမားတစ်ယောက်အဖြစ်ကို

မသိမသာရောက်ရှိလာတယ် ...

ဘုရားတွေကို မယုံတော့ဘူး၊

လူ့အဖွဲ့ အစည်းကို မယုံတော့ဘူး ...

ယုံကြည်ချက်တွေကို မယုံတော့ဘူး ...

အသက်က ၃၄

ကမ္ဘာကြီးကို ငြီးငွေ့ နေချိန်မှာ

အင်္ဂါဂြိုဟ်ခရီးစဉ်ကိုပဲ

စောင့်မျှော်နေချင်တော့တယ် ...

***

## သုံးဆယ်ကျော်

အလကားနေ အလကား

ဘာမှ မရှိတဲ့

ဟာလာဟင်းလင်းပြင်ကြီးကိုပဲ

လက်ဖဝါးထဲထည့်

ဖြေလိုက်ဆုပ်လိုက်နဲ့

အသက်အရွယ်ကလေးရလာတော့

အရေးအကြောင်းဆို

အကြောက်တရားက

ဘယ်ကိုပြေးပုန်းရမလဲဆိုတာကနေ

စပြီးစဉ်းစားတယ်

စာလုံးတစ်လုံးချချင်း စီဖို့ တောင်

ချီတုံချတုံ ဖြစ်လို့

တီဗွီခလုတ်နှိပ်ဖို့

စာရွက်တစ်ရွက်လှန်ဖို့

နာကျင်မှုကို ကဗျာလုပ်ရေးဖို့

အိပ်ရာက တစ်ရေးနိုးရင် ပြန်အိပ်ကြည့်ဖို့

မြေဆွဲအားထက် လေးလံနေတဲ့ စိတ်မှာ

ဘာမှ မတတ်နိုင်ဘူး

ဘာမှ မတတ်နိုင်ဘူး

ဒီလိုနဲ့ ပဲ မရွတ်ဘဲ

အလွတ်ရရနေတဲ့ ဂါထာ

အခေါက်ခေါက်အခါခါ နာမိတဲ့ တရားဟာ

ဘီယာဘူးဖောက် စီးကရက်ကို မီးညှိ

လူတွေ ထူထပ်ရာနဲ့ ခပ်ဝေးဝေး

ငြိမ်သက်ခြင်းကို

ငြိမ်သက်စွာ ရှာဖွေကြည့်တယ် ...

မငယ်တော့ဘူး မငယ်တော့ဘူး

သတိတွေကို သတိလက်လွတ်ဖြစ်ရင်း

အသက်အရွယ်ဟာ

လူ့သက်တမ်းကို ၃၀ ကျော် လာပြီးတဲ့ နောက်

နာရီလက်တံတွေပဲ ခဏခဏ

ရေရွတ်ကြည့်မိနေတော့တာပဲ

စိတ်လိုလက်ရ မရှိတဲ့ နေ့ရက်တွေက

အချိန်တွေလို တရွေ့ပြီးတော့ တရွေ့ပေါ့

စာရွက်အလွတ်တွေလို

တစ်ရွက်ပြီးတော့ နောက် ...တစ်ရွက်ပေါ့

နေရေးထိုင်ရေး၊ ကျန်းမာရေး နောက်တော့

စီးပွားရေး စသည် ဖြင့်

အဆင်ပြေရဲ့ လား ...

မေးခွန်းတွေသိပ်များ လာတဲ့ အခါ

ဘာရယ်မဟုတ်ပါဘူး

အလကားနေ အလကား

ဆုပ်လိုက်လိုက် လုပ်နေတဲ့
ဟင်းလင်းပြင်ကြီးရယ်ပါ ...

14 Nov 2017

***

**ဒီကဗျာမှာ လူ့အဖွဲ့ အစည်းဟာ အခမ္ဘအကျင့်ခံထားရတဲ့ အနုပညာနဲ့ တစ်သားတည်း ဖြစ်နေတယ်**

ဒီကဗျာမှာ လူ့အဖွဲ့ အစည်းဟာ
အခမ္ဘအကျင့်ခံထားရတဲ့ အနုပညာနဲ့
တစ်သားတည်း ဖြစ်နေတယ်
သွေးရိုးသားရိုး အခြေအနေ
ဘာတစ်ခုမှ မရှိတော့ဘူး ကိုယ်မနေ့က တိုက်ပွဲမှာ
ကမ္ဘာအပြင်ဘက်ကို ခဏထွက်သွားလိုက်တယ်
တစ်ယောက်ယောက်ကို နှုတ်ဆက်လိုက်ဖို့ တောင်
ကိုယ့်သွေးသားတွေဟာ အေးစက် ....
ဘဝဟာ သိပ်ပင်ပန်းပါတယ် ထရီဇာ

ကိုယ်ဟာ ရာသီဥတုဒဏ်ကို

ဘယ်လို ပျော်ရွှင်ဖွယ်ရာတွေနဲ့

တောင့်ခံထားရသလဲ

လူငယ်တစ်ယောက်ဟာ ဒဏ်ရာတွေကို

ခေါက်စားတစ်လက်လို ဆွဲသိမ်းလိုက်တယ်

ဘယ်လို အကြောင်းအရာတွေကို

ကိုယ်ကဗျာအဖြစ် ချရေး လိုက်ရမလဲ

ကိုယ်ဟာ နာကျင်မှုတွေကို ဘဝမှာ

အနူးညံ့ဆုံး သိမ်မွေ့ပစ်တတ်တဲ့ လူငယ်

သမိုင်းစာအုပ်တွေနဲ့

အောင်မြင်ကျော်ကြားလူကြိုက်များမှုတွေကို

ကိုယ်ကဗျာလုပ်မရေးနိုင်ဘူး။

အနုပညာဟာ ယုံကြည်မှု ခံနိုင်ရည် ရာခိုင်နှုန်း

ဘယ်လောက်အတိုင်းအတာမှာ တည်ရှိနေလဲ

အနုပညာဆိုတာ ဗိုလ်ချုပ်အောင်ဆန်း

အနုပညာဆိုတာ ဒေါ်အောင်ဆန်းစုကြည်၊

အနုပညာဆိုတာ ဦးသိန်းစိန်၊

ဘာတွေလဲ၊ ဘာတွေလဲကွာ

ဒီကမ္ဘာကြီးဟာ ရွံ့စောင်းနေပုံ

အနုပညာဆိုတာ ရွံ့ရှာဖွယ်ရာကောင်းတဲ့ ဟာသပြက်လုံး

အနုပညာဆိုတာ ဖေါ်ချွတ်ဓာတ်ပုံကို

မျက်နှာဖုံးတင်ထားတဲ့ မဂ္ဂဇင်းစာမျက်ပေါ်က

မော်ဒယ်လ်အမျိုးသမီးတစ်ယောက်ရဲ့

အင်တာဗျူးသတင်းခေါင်းစဉ်

အနုပညာဆိုတာ

ခပ်ကြောင်ကြောင် ရုပ်ပါတစ်ယောက်ရဲ့ မွေးနေ့ပွဲပါကွာ၊

အနုပညာဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမှုမျိုးနဲ့

သောက်သုံးနေကြတဲ့ ဝိစကီအမျိုးအစားလဲ၊

လက်ခုပ်သံတွေကြားရတိုင်း စင်ပေါ်ပြေးတက်ရအောင်

ကိုယ်က ဆပ်ကပ်ဝိုင်းထဲက မျောက်တစ်ကောင်မှ မဟုတ်ဘဲ

ကမ္ဘာကြီးရဲ့ လည်ပတ်နေမှုမှာ ဘယ်အရာမှ

သွေးမှန်သားမှန် မရှိတော့ဘူး၊

ကိုယ်စွန့်ခွာ

လူငယ်တစ်ယောက်ဟာ

မသေချာတဲ့ အမှန်တရားကို

ခေါက်ဓားတစ်လက်ကို ဆွဲသိမ်းလိုက်တယ်

ဒီကဗျာမှာ လူ့အဖွဲ့အစည်းဟာ

အစမ္မအကျင့်ခံထားရတဲ့ အနုပညာနဲ့

တစ်သားတည်းဖြစ်နေတယ်

ကိုယ်ရေးကိုယ်တာကိန်းဂဏာန်း အချက်အလက်

သတင်းခေါင်းစဉ်၊

ရပ်တည်ချက် အရောင်လွင့် ဖိနပ်

တွေးခေါ်စဉ်းစားမှုတွေကနေစပြီးနှလုံးခုန်သံတွေအထိ

စိတ်ကို ဆင်ခြင်တုံတရား

ဘောင်တွေထဲမှာ သော့ခတ်လိုက်တယ်

ကိုယ်ရုန်းထွက်နေတယ်

သာမန်အခြေအနေ အခန်းလွတ်များ၊

လိင်လိုအပ်ချက်က ချစ်ခြင်းမေတ္တာနောက်မှာ

အပေါစားဇာတ်လမ်းထဲက မုဒိမ်းကောင်လို ပြုံးရယ်

ကိုယ်ဟာ သိပ်ရှက်တတ်တဲ့ လူငယ်ပဲ ထရီဇာ

ဘယ်လောက် နူးညံ့သိမ်မွေ့ လိုက်သလဲလို့

ကိုယ်ဝန်ဆောင်သည် အမျိုးသမီးငယ်ငယ်တွေ တွေ့တိုင်း

စိတ်မှာ လှုပ်ခနဲ ကြည်နူးတတ်တဲ့ ရင်ခုန်သံတွေနဲ့

ဘယ်လို ဘဝမျိုးကိုများ တည်ဆောက်ချင်နေတဲ့

လူငယ်လဲ

ဘဝဟာ သိပ် ပင် ပန်း ပါ တယ် ထရီဇာ ...

သတင်းအချက်အလက်၊ နေ့စဉ်အမှု ရှင်သန်မှုဟာ

စက်ရုပ်သွေးနဲ့ သတင်းလူသား၊

ကိုယ့်ကဗျာတွေထဲမှာ နာကျင်မှုတွေကလွဲလို့

ကျေးဇူးပြုပြီး တခြားဘာကိုမှ ရှာဖွေကြည့်မနေပါနဲ့ တော့၊

မသန့်ရှင်းမှုနဲ့ ရောထွေးဆက်နွယ်မှုတွေကို

ချေဖျက်ပစ်ချင်တဲ့ လူငယ်

အရာအားလုံးကို တော်လှန်ချင်နေတဲ့ စိတ်ဟာ

သေနတ်မောင်းကို ဖြုတ်ပစ်လိုက်တယ်

ဘဝဟာ သိပ် ပင် ပန်း ပါ တယ် ထရီဇာ

ဘာကိုမှ မယုံကြည်တတ်တော့တဲ့ စိတ်ဟာ

ပို ပြီး ပင် ပန်း စေ တယ်

ဒါပေမဲ့ ကိုယ်ကတော့ ရင်းရမှာ ပဲ

လူငယ်တစ်ယောက်ဟာ

နာကျင်ရှုံ့ရှာမှုကို

လူ့အခွင့်အရေးနဲ့ အလျော်အစား လုပ်ပစ်ချင်နေတဲ့ အရသာနဲ့

ကိုယ်ချင်းစာတရားဆိုတာကို

ကိုယ်က ...

ရာသီဥတုဒဏ်ကို ဘယ်လောက်ခံနိုင်သလဲဆိုတာနဲ့

အဓိပ္ပာယ်ဖွင့်ထားတယ် ......

12 May 2013 at 4 : 14 PM

***

ငါ

စီးကရက်တစ်လိပ်လောက် ဆိုတာကနေစပြီး

ငါ့ကို ဂရုစိုက်ပေးပါဆိုတဲ့ တောင်းဆိုမှုတွေအထိ

လင်းလိုက် မှောင်လိုက်နဲ့

စိတ်ပျက်စရာကောင်းတဲ့ အိပ်မက်တွေဟာ

ငါရဲ့ လူဖြစ်ခြင်းဖြစ်တယ်...

ခပ်ဝေးဝေးကိုမှ ကြည့်တတ်သူတွေကြားထဲ

ငါ့မျက်လုံးက အသည်းအသန် အနီးမှုန်နေတယ်

ပြောင်းလဲသွားကြတဲ့ လူတွေအကြောင်းကိုငေး

ဆရာကြီးများ သမိုင်း ဆိုတာကို ငါမြင်လာရတဲ့ အခါ

အဲဒီစာမျက်နှာကို ငါကျော်ပစ်လိုက်တယ်။

လူ့အသိုင်းအဝိုင်းဟာ လူထက် နာမည်တွေ ဂုဏ်တွေ

ကျော်ကြားချမ်းသာမှုတွေကို ပိုပြီးတောင့်တတယ်

ဒါဟာ ငါ နောက်ဆုံးနာဖြစ်တဲ့ တရားဖြစ်တယ်။

အဲဒီနောက် ငါဟာ မထွေးဖြစ်တဲ့ တံတွေးကို မျိုတယ်။

ဘီယာတစ်ခွက်မှာ တယ်။

စီးကရက်တစ်လိပ်ကို မီးညှိတယ်။

လူ့အဖွဲ့အစည်းဟာ

လူတွေနဲ့ ပေါင်းဖွဲ့စည်းတာ မဟုတ်ဘူး ဆိုတဲ့ အကြောင်း

ငါကလွဲရင် ငါမဟုတ်သူတွေက သိနေတယ်။

ငါမသိခဲ့တာတွေကလည်း အတော်များ တယ်။

လူတွေက ဘီယာဝိုင်းမထိုင်ဘူး

နာမည်တွေက ဘီယာဝိုင်းထိုင်ကြတယ်။

လူတွေက စာမရေးဘူး သီချင်းမဆိုဘူး

နာမည်တွေက စာရေးကြတယ် သီချင်းဆိုကြတယ်။

လူတွေက ရုပ်ရှင်မရိုက်ဘူး

နာမည်တွေက ရုပ်ရှင်ရိုက်ကြတယ်။

ငါဘာမှ မသိခဲ့ဘူး

လူတွေဟာ လူအစစ်တွေ မဟုတ်ဘူး ဆိုတာတွေအထိ

ငါမသိခဲ့ဘူး ......

လူ့အသိုင်းအဝိုင်းတွေက ကျယ်ကျယ်လာတဲ့ အခါ

ငါက တစ်စတစ်စ ကျုံ့ကျုံ့သေးလာတယ်။

ငါဘယ်လောက် သေးလာသလဲဆိုတာလည်း

ငါမသိခဲ့ဘူး ......။

***